# Online မှ တိုင်းရင်းဆေးဝါးမှတ်ပုံတင်(သက်တမ်းတိုး) လျှောက်လွှာတင်ရာတွင် အမေးများသော မေးခွန်းများ

၁။ မေး Online က မှတ်ပုံတင်ဖို့အတွက် ဘယ်ကဘယ်လိုစဝင်ရမလဲ?

ဖြေ Online က မှတ်ပုံတင်ရန်အတွက်

- တိုင်းရင်းဆေးပညာဦးစီးဌာနရဲ့ website: www.dtm.gov.mm မှတဆင့် ဝင်ရောက်ပါ။ ထို့နောက် e-Services အားနှိပ်ပါ။ ထိုအခါ လျှောက်လွှာများ တင်ရန်ဆိုပြီး စနစ်ထဲသို့ ရောက်ရှိမှာဖြစ်ပါတယ်-
- Link အနေဖြင့် - https://www.dtm.gov.mm/e_services/ မှတဆင့် ဝင်ရောက်ပါ။

၂။ မေး မည့်သည့် font အမျိုးအစားမဆို သုံးလို့ရပါသလား? Zawgyi font ဘာလို့ သုံးမရတာလဲ?

ဖြေ

- Unicode – Pyidaungsu font တစ်မျိုးထဲသာ အသုံးပြုလို့ရပါသည်-
- အစိုးရရုံးဌာနတိုင်းအတွက် Unicode – Pyidaungsu font သုံးစွဲရန် သတ်မှတ်ထားလို့ပါ။

၃။ မေး လျှောက်ထားသူအမည်က ပိုင်ရှင်ကိုဖြည့်ရမှာလား? လျှောက်လွှာတင်ပေးသူအမည် ဖြည့်လို့ရပါသလား?

ဖြေ ပိုင်ရှင်၏ အချက်အလက်အပြည့်အစုံသာ ဖြည့်ရမှာဖြစ်ပါတယ်-

၄။ မေး Email အီးမေးလ် လိပ်စာက ဘာအတွက် တောင်းတာလဲ?

ဖြေ ဌာနမှ လျှောက်လွှာတွင် တင်ထားသော အချက်အလက်များတွင် လိုအပ်ချက်များ ရှိခဲ့ပါက ၎င်း Email အီးမေးလ် သို့ ဆက်သွယ်ဆောင်ရွက်ပါသည်-

- ဌာနမှ သက်တမ်းတိုးခြင်းအား အတည်ပြုသည့် အကြောင်းကို Email အီးမေးလ် ဖြင့် အကြောင်းပြန်ကြားရင် လက်ခံနိုင်ရန်ဖြစ်ပါသည်-

၅။ မေး လျှောက်လွှာတွင် ဖုန်းနံပါတ် အမှန်ကို ဘာလို့ထည့်ရတာလဲ?

ဖြေ ဌာနမှ လျှောက်လွှာတွင် လိုအပ်ချက်များရှိခဲ့ပါက အဆိုပါဖုန်းနံပါတ်သို့ ဆက်သွယ် ဆောင်ရွက်ပါသည်-

၆။ မေး ပူးတွဲမှာ တိုင်းရင်းဆေးဝါးမှတ်ပုံတင်ကတ်က ရှေ့ခြမ်းဘဲ ထည့်ရတာလား၊ နောက်ခြမ်းက လိုအပ်လို့လား? မူရင်း တွဲရမှာလား/ မိတ္တူမှန် တွဲရတာလား?

ဖြေ
- တိုင်းရင်းဆေးဝါးမှတ်ပုံတင်လက်မှတ်က ရှေ့ခြမ်းရော/ နောက်ခြမ်းပါ တွဲပေးရပါတယ်-
- မူရင်းကို Scan ဖတ်ပြီး (သို့) ထင်ရှားပေါ်လွင်အောင် ဓာတ်ပုံရိုက်ပြီး တွဲရပါတယ်-

(မှတ်ချက်အနေဖြင့် - ဓာတ်ပုံရိုက်ပါက - မလိုအပ်သော အနား၊ အောက်ခံ အရောင်များကို ဖျက်ပြီး attach တွဲပေးဖို့ မေတ္တာရပ်ခံချင်ပါတယ်- )

၇။ မေး ထုတ်လုပ်ခွင့်လိုင်စင်မှာရော စာမျက်နှာအားလုံး တွဲပေးရမှာလား? မူရင်း တွဲရမှာလား/ မိတ္တူမှန် တွဲရတာလား?

ဖြေ
- ထုတ်လုပ်ခွင့်လိုင်စင်လည်း စာမျက်နှာအားလုံး ရှေ့ခြမ်း/နောက်ခြမ်း တွဲပေး ရပါမယ်-
- မူရင်းတွဲပေးရပါမယ်- မိတ္တူတွဲပါက မိတ္တူမှန် ဖြစ်ကြောင်း တံဆိပ်တုံး အစစ် ပါရှိရပါမယ်-

၈။ မေး သက်တမ်းရှိ တိုင်းရင်းဆေးဆရာမှတ်ပုံတင် (တဆ) စာမျက်နှာအားလုံး တွဲရမှာလား? မူရင်း တွဲရမှာလား/ မိတ္တူမှန် တွဲရတာလား?

ဖြေ
- တိုင်းရင်းဆေးဆရာမှတ်ပုံတင် (တဆ) စာမျက်နှာ အားလုံး တွဲရပါမယ်- မူရင်းတွဲပေးရပါမယ်-
- မိတ္တူတွဲပါက မိတ္တူမှန် ဖြစ်ကြောင်း တံဆိပ်တုံး အစစ် ပါရှိရပါမယ်-

၉။ မေး ပိုင်ရှင်၏ passport အရွယ်လိုင်စင်ဓာတ်ပုံက ဘယ်ဆိုဒ် ဖြစ်ဖြစ် ရပါသလား?

ဖြေ Passport မည်သည့် ဆိုဒ်မဆို ရပါသည်-

မှတ်ချက်အနေဖြင့် - ဓာတ်ပုံရိုက်ပါက - မလိုအပ်သော အနား၊ အောက်ခံ အရောင်များကို ဖျက်ပြီး attach တွဲပေးဖို့ မေတ္တာရပ်ခံချင်ပါတယ်-)

၁၀။ မေး ငွေဘယ်လိုပေးချေရမလဲ ? account ဘယ်လို ဖွင့်ရမလဲ?

ဖြေ MMM Easy Pay Mobile Money account နဲ့ ငွေပေးချေရပါမယ်-

- မိမိ၏ Android ဖုန်း Play Store (or) Application Store တွင် MMM Easy Pay အား download ရယူပါ။
- Download ရယူပြီးပါက အဆိုပါ application ထဲတွင် ဖုန်းနံပါတ်နှင့်အတူ ဆက်သွယ်ရန် ကိုယ်စားလှယ်များ၏ အမည်နှင့် ဖုန်းနံပါတ်များပါရှိပါသည်- ၎င်းသို့ဆက်သွယ်၍ ငွေသွင်း/ငွေထုတ်ခြင်းများကို ဆောင်ရွက်နိုင်ပါသည်-
- အမြို့မြို့အနယ်နယ်အရပ်ရပ်ရှိ မြန်မာ့စီးပွားရေးဘဏ်များနှင့် မြန်မာ့စာတိုက်များတွင်လည်း ငွေသွင်း/ငွေထုတ်ခြင်းများကို ဆောင်ရွက်နိုင်ပါသည်-
- Easy Pay account ရရှိပြီး ငွေထည့်ပြီးပါက တိုင်းရင်းဆေးဝါးမှတ်ပုံတင် (သက်တမ်းတိုး)အတွက် မိမိကိုယ်တိုင် ကျသင့်ငွေ ရိုက်ထည့်ပြီး online မှ မှတ်ပုံတင်လျှောက်လွှာတင်ခြင်းကို ဆောင်ရွက်နိုင်ပါသည်-

၁၁။ မေး လျှောက်လွှာတင်ခြင်း လုပ်ငန်းစဉ် ပြီးမြောက်ကြောင်း ဘယ်လိုသိနိုင်မလဲ?

ဖြေ မိမိကိုယ်တိုင် ငွေပေးချေခြင်း အဆင့်အထိ လုပ်ငန်းစဉ်ပြီးမြောက်ပါက မိမိလျှောက်ထားစဉ်က လျှောက်လွှာတွင်ဖြည့်ထားခဲ့သော email အီးမေးလ်ထဲသို့ ငွေလက်ခံရရှိကြောင်း ပြေစာနှင့်တကွ မှတ်ပုံတင်သက်တမ်းတိုးလျှောက်လွှာအား စိစစ်ပြီးစီးပါက ပြီးစီးမှုအခြေအနေအား အီးမေးလ်မှ တစ်ဆင့်အကြောင်းကြားသွားပါမည်-ဟူသောစာသားကို ချက်ချင်းပေးပို့မှာဖြစ်ပါတယ်-

Email အီးမေးလ်မှတဆင့် လုပ်ငန်းစဉ်ပြီးမြောက်ကြောင်း သိရှိမှာဖြစ်ပါတယ်-

## သက်တမ်းလွန်ကြေးပေးဆောင်ခြင်းနှင့်ပတ်သက်၍-

| ၁၂။ | မေး | သက်တမ်းလွန်ကြေးများကို ဘယ်လိုပေးဆောင်ရမှာလဲ? |
|---|---|---|
| | ဖြေ | (1)တိုင်းရင်းဆေးပညာဦးစီးဌာနရဲ့ website: www.dtm.gov.mm မှတဆင့် ဝင်ရောက်ပါ။ ထို့နောက် e-Services အားနှိပ်ပါ။ ထိုအခါ လျှောက်လွှာများတင်ရန်ဆိုပြီး စနစ်ထဲသို့ ရောက်ရှိမှာဖြစ်ပါတယ်-<br>Link အနေဖြင့် - https://www.dtm.gov.mm/e_services/ မှတဆင့် ဝင်ရောက်ပါ။ |

| | | |
|---|---|---|
| | | (2) လျှောက်လွှာများ၏ ဘေးမှ မျဉ်း(၃)ကြောင်းရှိပါသည်။ ၎င်းကို ကလစ် click နှိပ်ပါ။ ထိုအခါ- အောက်ဖော်ပြပါအတိုင်းမြင်ရမည်။<br>- ပင်မစာမျက်နှာ<br>- မှတ်ပုံတင်သက်တမ်းတိုးခြင်း<br>- ကြော်ငြာလျှောက်လွှာတင်ခြင်း<br>- ငွေပေးချေခြင်း<br>- သက်တမ်းလွန်ကြေးပေးဆောင်ခြင်း<br>- စည်းမျဉ်းစည်းကမ်းများ<br><br>သက်တမ်းလွန်ကြေးပေးဆောင်ခြင်း ကို click ကလစ် နှိပ်ပါ။ ထိုအခါ box ဖိုင်တစ်ခုကျလာမည်။<br>▪ ထို့နောက် မိမိလျှောက်လွှာတင်စဉ်က email တွင် ပေးပို့ထားသော ငွေလက်ခံရရှိကြောင်း ပြေစာအမှတ်-xxxxxxx ကို ရိုက်ထည့်ပါ။<br>▪ ယင်းနောက် ဌာနမှ တွက်ပေးသော သက်တမ်းလွန်ကြေး ကို MMM Easy Pay မှတဆင့် ငွေချေပါ။<br>▪ သက်တမ်းလွန်ကြေးပေးဆောင်ပြီးပါက မိမိလျှောက်လွှာတင်စဉ်က ပေးထားသော email ထဲသို့ ငွေလက်ခံရရှိကြောင်း ပြေစာကို ချက်ချင်းပေးပို့မှာ ဖြစ်ပါတယ်- |

| | | |
|---|---|---|
| ၁၃။ | မေး | လျှောက်လွှာတင်နေစဉ်အတွင်းအခက်အခဲ ရှိခဲ့ပါ ဘယ်ကိုဆက်သွယ်ရမလဲ? |
| | ဖြေ | ဆေးဝါးဌာနစိတ် - 067 431148 (ရုံးချိန်အတွင်း)<br>နည်းပညာဆိုင်ရာ အခက်အခဲများ - 09259431341 (မည်သည့်အချိန်မဆို) |
| ၁၄။ | မေး | ဌာန ကို eservices ကိစ္စနဲ့ ဆက်သွယ်မေးမြန်းရမယ့် email အီးမေးလ် လိပ်စာ ရှိပါသလား? လိုအပ်ချက်ကို မည်သည့်email ကို ပေးပို့ရမလဲ? |
| | ဖြေ | dtm.eservices@mohs.gov.mm သို့ ပေးပို့ပါ။ |